ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
မိုးညိုမြို့နယ်

**လူထုဗဟိုပြုစီမံကိန်း**

**National Community Driven Development Project**



**ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်**
**Village Development Plan (VDP)**
**သိမ်ကုန်းကျေးရွာ၊ ကျောက်ဝအုပ်စု**

ဇန်နဝါရီလ၊ ၂၀၁၇

# မာတိကာ


၁။ မိုးညှင်းမြို့နယ်ပြမြေပုံ

၂။ ဗောမိကုန်းကျေးရွာအုပ်စုမြေပုံ

၃။ ကျောက်ဝကျေးရွာအုပ်စုတွင် ပါဝင်သော ကျေးရွာများစာရင်း

၄။ ကျေးရွာအခြေခံ အချက်အလက်များ

၅။ လူထုပူပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

၆။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော PRA Tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

၇။ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များ ရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ

၈။ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များစာရင်း

၉။ ကျေးရွာအချက်အလက် (ပုံစံ ၁)

၁၀။ စီမံကိန်းစက်ဝန်း အချိန်ဇယား (ပုံစံ ၂)

၁၁။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (ပုံစံ ၃)

၁၂။ ကျေးရွာအုပ်စု စီမံကိန်းလုပ်ငန်းခွဲ ရွေးချယ်ခြင်း (ပုံစံ ၄)


၁၃။ အစည်းအဝေးမှတ်တမ်းများ


၁၄။ ကျေးရွာမှကြုံတွေ့နေရသည့် အခက်အခဲအတားအဆီးများ

၁၅။ ကျေးရွာမှ နောင်လာမည့် (၅)နှစ်အတွင်း မျှော်မှန်းထားသည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

၁၆။ ကျေးရွာမှ အဆိုပြုထားသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အထောက်အကူပြု သင်တန်းများ

၁၇။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက် အရည်အသွေး ထိန်းချုပ်မှု (Checklist for VDP)


မိုးညိုမြို့နယ်မြေပုံ
N
S
ရွှေတောင်မြို့နယ်
နတ်တလင်းမြို့နယ်
ကြို့ပင်ကောက်မြို့နယ်
အုတ်ဖိုမြို့နယ်
မင်းလှမြို့နယ်
လက်ပံတန်းမြို့နယ်
ဧရာဝတီတိုင်း
ဧ
ရာ
ဝ
တီ
မြစ်
မိုးညိုမြို့
မင်းလှသို့
ရည်ညွှန်းချက်
မြို့နယ်ရုံးစိုက်ရာမြို့
ကျေးရွာအုပ်စု
ကျေးရွာခွဲများ
မြို့နယ်နယ်နိမိတ်
ကျေးရွာအုပ်စုနယ်နိမိတ်
ကတ္တရာ/ဂဝံ/မြေသားလမ်း
ရဲစခန်း
မြို့နယ်/တိုက်နယ်ဆေးရုံ
မြစ်/ချောင်း


N
ကျေးရွာအုပ်စုအညွှန်းပြမြေပုံ
ကျောက်ဝ
မိုးညှိမြို့နယ်
သာယာဝတီခရိုင်
ပဲခူးတိုင်းဒေသကြီး
စကေး ၃ လက်မ = ၁ မိုင်
နတ္တလင်းမြို့နယ်
၁၂၆ ကွင်း
ညောင်လေးပင်
သိမ်ကုန်း
ကြို့ပင်ကောက်မြို့နယ်
သမီးလှ
မြစ်မခမြစ်
မြစ်သာ
ဗောဓိကုန်း
ကျောက်ဝ
၁၂၂ ကွင်း
၁၂၄ ကွင်း
ပတ္တော်
ကရင်ချောင်
မြောက်လုပ်ကုန်း
ညွှန်ပြချက်
ကျေးရွာအုပ်စုနယ်နိမိတ်
ဂဝံလမ်း
မြေသားလမ်း
နွေရာသီလမ်း
မြစ်ချောင်း
မြေရိုင်း
စိုက်ပျိုးမြေ
စားကျက်မြေ
စာသင်ကျောင်း
ဘုန်းကြီးကျောင်း
ဘောလုံးကွင်း
မြို့နယ်ဆေးရုံ
တိုက်နယ်ဆေးရုံ
ကျေးလက်ကျန်းမာရေးဌာန
ကျေးလက်ကျန်းမာရေးဌာနခွဲ
ရဲစခန်း
ရဲကင်း
ကျေးရွာလူနေအိမ်ခြေများ

## ၃။ ကျောက်ဝကျေးရွာအုပ်စုတွင် ပါဝင်သောကျေးရွာများစာရင်း

၁။ ကျောက်ဝကျေးရွာ
၂။ ဗောဓိကုန်းကျေးရွာ
၃။ သမီးလှကျေးရွာ
၄။ သိမ်ကုန်းကျေးရွာ

## ၄။ သိမ်ကုန်းကျေးရွာ၏ အခြေခံအချက်အလက်များ

သိမ်ကုန်းကျေးရွာသည် လွန်ခဲ့သောနှစ်ပေါင်း (၁၇၀)ခန့်ကတည်ထားခဲ့သည့် ကျေးရွာတစ်ရွာဖြစ်ပြီး ရွာတည်ကာစတွင် ဦးဖိုးရွှေလုံး+ဒေါ်တုပ်မ အစရှိသောမိသားစု (၇)စု တို့နေထိုင်ခဲ့ကြပြီး နောင် (၁၀) နှစ်ခန့်အကြာတွင် လူအများပြောင်းရွှေ့နေထိုင်ခဲ့ကြပြီး ရွာငယ်လေးတစ်ရွာဖြစ်လာခဲ့ရာ ''သိမ်ကုန်း'' ရွာဟုခေါ်တွင်ခဲ့ပါသည်။

ယခုအခါတွင် သိမ်ကုန်းကျေးရွာသည် အိမ်ခြေ (၂၀၇)အိမ်ထိရှိသော ရွာကြီး တစ်ရွာဖြစ်နေပြီး လူဦးရေ ကျား(၃၈၀)ဦး၊ မ(၄၁၂)ဦး၊ စုစုပေါင်း(၇၉၂)ဦး နေထိုင်လျှက်ရှိပါသည်။ မိုးညှိုမြို့ ၏ အရှေ့မြောက်ဘက် (၂၂)မိုင်ခန့်၊ ကြို့ပင်ကောက်မြို့၏ အနောက်ဘက်(၂၀)မိုင်ခန့်တွင် တည်ရှိပြီး သွားလာရေး အလွန်ခက်ခဲသောကြောင့် ဖွံ့ဖြိုးမှုများနောက်အစစအရာရာနောက်ကျလျှက်ရှိပါသည်။ ကျေးရွာအတွင်းရှိလမ်းများနှင့်ရွာချင်းဆက်လမ်းများသည် မြေသားလမ်းများဖြစ်ပြီး နွေရာသီတွင်သာ သွားလာနိုင်သည်။ မိုးရာသီတွင် (၄) လခန့်ရေလွှမ်းမိုးလေ့ရှိပြီး စက်တပ်လှေများဖြင့်သာ သွားလာနိုင်သည်။

သိမ်ကုန်းကျေးရွာ အနီးတဝိုက်တွင် လယ်ယာမြေများ၊ အင်းအိုင်ချောင်းမြောင်းများ ပေါ်များသဖြင့် လယ်ယာစိုက်ပျိုးခြင်းလုပ်ငန်းနှင့် တံငါလုပ်ငန်းကို အများစုကလုပ်ကိုင်ကြသည်။ ကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်းကို (၁၃၄၇)ခုနှစ်တွင်တည်ဆောက်ခဲ့ပြီး (၁၃၆၈)တွင်ဘုန်းတော်ကြီးကျောင်းကို တည်ဆောက်ခဲ့ပါသည်။ ကျန်းမာရေးအတွက်ဆေးကုသမှုခံယူရန် ဆရာဆရာမလုံလောက်မှုမရှိပဲ အရေးပေါ် အခြေအနေများတွင်အနီးစပ်ဆုံးဖြစ်သည့် ပတ္တြာတိုက်နယ်ဆေးရုံသို့ ခက်ခဲစွာသွားရောက်ကြရပါသည်။

ကျေးရွာ၏ တောင်ဘက်ထိပ်တွင် ဘုန်းတော်ကြီးကျောင်းနှင့် အရှေ့ဖက်တွင် မူလတန်းကျောင်းတို့ ရှိပါသည်။ ကျေးရွာပတ်ဝန်းကျင်တွင် အင်းအိုင်ချောင်းမြောင်းများနှင့် လယ်ယာမြေများရှိပြီး စိုက်ပျိုးရေးကိုအဓိကလုပ်ကိုင်ကြသည်။

သိမ်ကုန်းကျေးရွာ၏ အဓိကအခက်အခဲမှာ လမ်းပန်းဆက်သွယ်ရေးဖြစ်ပါသည်။ ထို့ကြောင့် လူထုဗဟိုပြုစီမံကိန်း အကောင်အထည်ဖေါ် ဆောင်ရွက်မည့် ဒုတိယနှစ်တွင် သိမ်ကုန်း/သမီးလှကျေးရွာ မှ မြစ်သာအုပ်စု တတောင်ဆစ်ကွေးကျေးရွာ သို့ ဆက်သွယ်သည့်လမ်းကို သမီးလှရွာနှင့်သိမ်ကုန်းရွာတို့ပူးပေါင်း၍ အဓိကထားတင်ပြတောင်းဆိုခဲ့ကြခြင်း ဖြစ်ပါသည်။

# လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူပေါင်း | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | ကျေးရွာအရင်းမြစ်ပြမြေပုံ (Social Map & Resource Map) | ၅.၂.၁၆ | စေတနာ့ဝန်ထမ်း ရာအိမ်မှူး ရပ်မိရပ်ဖ | ၁၀၁ | ၅၅ | ၁၅၆ | ကျေးရွာတွင်ထင်ရှားသောအမှတ်အသားများ၊ အဆောက်အဦးများ၊ လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊ ပိုင်ဆိုင်သောအရင်းအမြစ်များ သိစေရန်။ |
| ၂ | ဉစ္စာခနေကြွယ်မှု အဆင့်သတ်မှတ်ခြင်း(Wealth Ranking) | ။ | စီ/ထောက်ကော်မတီ ကျေးရွာလူထု | ၁၀၁ | ၅၅ | ၁၅၆ | ကျေးရွာအတွင်းရှိလူမှုစီးပွားရေးအခြေအနေအလိုက် အဆင့်သတ်မှတ်ချက်၊ စီမံကိန်းမှ ၄င်းတို့အားအကျိုးသက်ရောက်မှုရှိ/မရှိသိသာစေရန်။ |
| ၃ | ရာသီခွင်ပြပြက္ခဒိန် (Seasonal Calendar) | ။ | ။ | ၁၀၁ | ၅၅ | ၁၅၆ | ကျေးရွာ၏ (၁)နှစ်ပတ်လုံးကွဲပြားသောအချိန်၊ ပြက္ခဒိန်ကိုအသုံးပြုပြီး စီမံကိန်း အကောင်အထည်ဖော်ရန် လများအလိုက် အဓိကဆောင်ရွက်သည့်အခြေအနေ (ဥပမာ- ငွေရေးကြေးရေး၊အစားအစာ၊ကျန်းမာရေး ) |
| ၄ | အဖွဲ့အစည်းများချိတ်ဆက်ပုံ (Venn Diagram) | ။ | ။ | ၁၀၁ | ၅၅ | ၁၅၆ | ကျေးရွာအတွင်းတက်ကြွစွာလှုပ်ရှားနေသောအဖွဲ့အစည်းများ၊ အာဏာရှိသောအဖွဲ့အစည်းတို့၏ ချိတ်ဆက်အရေးပါပုံ။ |
| ၅ | ပင့်ကူအိမ်ပုံဖြင့် ကျား/မ ကဏ္ဍဆန်းစစ်ချက် (Spider Web) | ။ | စေတနာ့ဝန်ထမ်း အမျိုးသား/သမီးများ | ၁၀၁ | ၅၅ | ၁၅၆ | အမျိုးသမီးများနှင့် အမျိုးသားများ တန်းတူအခွင့်အရေးရရှိစေနိုင်သည့် အကြောင်းအရင်းဖော်ထုတ်ခြင်း ကျား/မ ကဏ္ဍဆန်းစစ်ခြင်း။ |
| ၆ | အမျိုးသားများ လက်တလောကြုံတွေ့နေရသည့် အခက်ခဲများ (Men needs) | ။ | စေတနာ့ဝန်ထမ်း အမျိုးသားများ | ၁၀၁ | - | ၁၀၁ | ကျေးရွာဖွံ့ဖြိုးစေရန်အတွက် ရင်ဆိုင်နေရသော အတားအဆီးပြဿနာများနှင့် လိုအပ်ချက်များ။ |
| ၇ | အမျိုးသမီးများ လက်တလောကြုံတွေ့နေရသည့် အခက်အခဲများ (Women Needs) | ။ | စေတနာ့ဝန်ထမ်း အမျိုးသမီးများ | - | ၅၅ | ၅၅ | ကျေးရွာဖွံ့ဖြိုးစေရန်အတွက် ရင်ဆိုင်နေရသော အတားအဆီးပြဿနာများနှင့် လိုအပ်ချက်များ။ |

# လူမှုရေးအရင်းအမြစ်ပြမြေပုံနှင့်သုံးသပ်ခြင်း



## အိမ်ထောင်စုများအခြေအနေ

သိမ်ကုန်း ကျေးရွာသည် မိုးညှင်းမြို့နယ်၊ ကျောက်ဝ အုပ်စုအတွင်းရှိ ရွာတစ်ရွာဖြစ်ပြီး စုစုပေါင်း အိမ်ခြေ(၂၀၇)အိမ်၊ အိမ်ထောင်စု(၂၂၄)စု ရှိပြီးလူဦးရေ အနေဖြင့် ကျား (၃၈၀)ဦး။ မ (၄၁၂)ဦး။ပေါင်း (၇၉၂)ဦး နေထိုင်လျှက် ရှိပါသည်။

## လမ်းပန်းဆက်သွယ်ရေးအခြေအနေ

သိမ်ကုန်းကျေးရွာသည် မိုးညှင်းမြို့နယ် ၊ ကျောက်ဝအုပ်စုတွင်တည်ရှိပြီး လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲသောကျေးရွာတစ်ရွာ ဖြစ်ပါသည်။ကျေးရွာ ချင်းဆက်လမ်းများမှာ မြေသားလမ်းများ ဖြစ်သဖြင့်နွေ ရာသီတွင်သာသွားလာနိုင်ပြီး မိုးရာသီတွင် စက်လှေဖြင့် သာသွားလာနိုင်သည်။ ပထဝီအနေအထားအရ မြေနိမ့် ပိုင်း အင်းအိုင်ချောင်းမြောင်းများ ပေါများပြီး ဖွံ့ဖြိုးမှုအ လွန်နောက်ကျသည့်ကျေးရွာဖြစ်ပါသည်။ မိုးညှင်းမြို့ နှင့် (၂၀)မိုင်ခန့်ခန့်ကွာဝေးသဖြင့် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ကိစ္စများကို အနီးစပ်ဆုံး (၃) မိုင်ခန့် ပတ္တော်ရွာသို့သာ သွားရောက်ကြရသည်။

## ကျန်းမာရေးအခြေအနေ

ကျေးရွာတွင် ကျန်းမာရေးနှင့်ပါတ်သက်၍ ဆေးပေးခန်းမရှိပဲ အရေးပေါ်အခြေအနေများကြုံတွေ့လာပါက အနီးစပ်ဆုံး ပတ္တော်ဆေးရုံ သို့သွားကြရသည်။အထူးသဖြင့် မိုးရာသီအချိန်တွင် လမ်းပန်းဆက်သွယ်ရေး အခက်အခဲကြောင့် အသက်ဆုံးရှုံးမှုများ ကြုံတွေ့ရပါသည်။

## သောက်သုံးရေအခြေအနေ

ကျေးရွာအတွင်း ရေတွင်း(၁၁)တွင်း နှင့်ရေတုံကင်(၆၄)တွင်း။ စက်တွင်း(၅၂)တွင်းရှိပြီး နွေရာသီတွင် သောက်သုံးရေ အခက်အခဲများကြုံတွေ့ရပါသည်။ အများအားဖြင့် ရေစက်များနှင့် ရေတုံကင်များကိုသာ အသုံးပြုရပါသည်။ ရေအရည်အသွေးမှာလည်းကောင်းမွန်ခြင်းမရှိသော ရေဝါများသာတွေ့ရပါသည်။


## ပတ်ဝန်းကျင်အရင်းအမြစ်

သိမ်ကုန်းကျေးရွာ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ လယ်ယာလုပ်ငန်းလုပ်ကိုင်ခြင်းဖြစ်ပြီး ရွာ၏ပတ်ဝန်းကျင်တွင် အင်းအိုင်ချောင်းမြောင်းများကို အများအပြားတွေ့ရပါသည်။

## အခြား

ကျေးရွာ၏ တောင်ဘက်ထိပ်တွင်ရွာဦးဘုန်းတော်ကြီးကျောင်းနှင့် ဓမ္မာရုံတို့ရှိပြီး အရှေ့ဘက်တွင်အခြေခံပညာအလယ်တန်း(ခွဲ)ကျောင်းရှိပါသည်။ သိမ်ကုန်းရွာသည် သမီးလှရွာနှင့်ဆက်စပ်လျှက်ရှိပြီး ယင်းနှစ်ရွာကြားတွင် မိုးတွင်းအခါ အလွန်ရေစီးသန်သည့် မြစ်မခချောင်းက ပိုင်းခြားထားသည်။ လူအများက ယင်းနှစ်ရွာကိုပေါင်း၍ သမီးလှသိမ်ကုန်းဟု ခေါ်ဆိုလေ့ရှိပါသည်။ ထူးခြားသည်မှာ လူထုပဟိုပြုစီမံကိန်းဆောင်ရွက်ရန် လုပ်ငန်းခွဲများ ရွေးချယ်ကြရာတွင်လည်း နှစ်ရွာပေါင်း ၍ ပတ္တော်ရွာနှင့် ဆက်သွယ်သည့် ကျေးရွာချင်းဆက်လမ်း ကို တညီတညွတ်တည်း အဆိုပြု တောင်းဆိုခဲ့ကြခြင်းဖြစ်ပါသည်။

# ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်းနှင့်သုံးသပ်ချက်




## ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်းသုံးသပ်ချက်

သိမ်ကုန်းကျေးရွာ၏ အခြေခံစီးပွားရေးလုပ်ငန်းဖြစ်သော လယ်ယာစိုက်ပျိုးခြင်းလုပ်ငန်းအပေါ် မူတည်ပြီး ကျေးရွာလူထု၏ ဥစ္စာဓနကြွယ်ဝမှုကို အောက်ပါအတိုင်းအဆင့်သုံးဆင့်ဖြင့်ခွဲခြားနိုင်ပါသည်။

ကျေးရွာတွင် အိမ်ခြေပေါင်း (၂၀၇)အိမ်ရှိသည့်အနက် အဆင်ပြေသောမိသားစု အနေဖြင့် (၁၃)အိမ်ခန့်သာရှိပြီး အလယ်အလတ်မိသားစုမှာ (၈၁)အိမ်ရှိပါသည်။ လက်လုပ်လက်စား သာမန်မိသားစု (၁၁၃) အိမ်ရှိသည့်အတွက်ရွာ၏အများစုမှာ စီးပွားရေးနိမ့်ကျကြောင်းတွေ့ရပါသည်။

အဆင်ပြေသောမိသားစုများသည် လယ်ကိုင်း(၁၅ကေမှ ၃၀ကေအတွင်း။လှည်း။နွား။ဖောကား။စပါးစက် ရေတင်စက်၊ ခွေးလှေစက်နှင့်မော်တော်ဆိုင်ကယ်များကို ပိုင်ဆိုင်ကြပြီး တစ်နှစ်ပျမ်းမျှ (၇၀) သိန်းခန့်ဝင်ငွေရကြပါသည်။ ဝမ်းစာအနေဖြင့် ပိုလျှံမှုရှိကြပါသည်။

အလယ်အလတ်မိသားစုများသည် လယ်(၁၅)ကေ။၊ မော်တော်ဆိုင်ကယ်၊ နွား၊ ဂွန်ဒေါင်၊ ရေတင်စက်များကို ပိုင်ဆိုင်ကြပြီး တစ်နှစ်ပျမ်းမျှဝင်ငွေမှာ (၄၀)သိန်းခန့်ရှိပါသည်။ ဝမ်းစာအနေဖြင့် ဖူလုံရုံမျှသာရှိကြပါသည်။

သာမန်မိသားစုများ မှာ လယ်၊ကိုင်းတို့ကိုပိုင်ဆိုင်ခြင်းမရှိပဲ လက်လုပ်လက်စားကျပန်းလုပ်သားများဖြစ်ပြီး စက်ဘီးလောက်သာ ပိုင်ဆိုင်ကြပါသည်။ ဝင်ငွေအနေဖြင့် တစ်နှစ်လျှင် (၁၀) သိန်းလောက်သာ ဝင်ပြီး ဝမ်းစာအနေဖြင့် ဖူလုံမှုမရှိပါ။

ထို့ကြောင့် သိမ်ကုန်းရွာတစ်ရွာလုံး အနေဖြင့် ခြုံငုံသုံးသပ်ကြည့်မည်ဆိုလျှင် စီးပွားရေး အလွန်နိမ့်ပါးသောကျေးရွာဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

# အဖွဲ့အစည်းများချိတ်ဆက်ပုံနှင့်သုံးသပ်ချက်





အဖွဲ့အစည်းချိတ်ဆက်ပုံ သုံးသပ်ချက်

သိမ်ကုန်းကျေးရွာတွင် အဓိကအနေဖြင့် အုပ်ချုပ်ရေးအဖွဲ့ကဦးဆောင်၍ ရပ်ရေးရွာရေးကို ဆောင်ရွက်နေပြီး ယင်းအုပ်ချုပ်ရေးအဖွဲ့နှင့် ချိတ်ဆက်၍ သမဝါယမအသင်း၊ ကျောင်းကော်မတီ၊ ဂေါပကအဖွဲ့၊ ပရဟိတအဖွဲ့၊ အမျိုးသားအဖွဲ့၊အမျိုးသမီးအဖွဲ့၊ အမျိုးသမီးရေးရာ၊ ပရိတ်အသင်း၊ မီးသတ်တပ်ဖွဲ့ စသည့် အသင်းအဖွဲ့များဖွဲ့စည်းကာ ရပ်ရွာကိစ္စများကို ပူးပေါင်းဆောင်ရွက်လျှက်ရှိပါသည်။

မြို့နယ်ရှိဌာနဆိုင်ရာများနှင့်လည်း ချိတ်ဆက်ဆောင်ရွက်လျှက်ရှိရာ မြို့နယ်သမဝါယမဦးစီးဌာန၊ ပညာရေးဌာန၊ စိုက်ပျိုးရေးဘဏ်၊ ရဲစခန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တို့ဖြင့် အဓိကဆက်သွယ်ဆောင်ရွက်လျှက်ရှိပါသည်။မြို့နယ်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှလည်း မှတ်ပုံတင်နှင့် အိမ်ထောင်စုဇယားများကို မကြာခဏကွင်းဆင်းဆောင်ရွက်ပေးလေ့ရှိပါသည်။

# ပင့်ကူအိမ်နှင့်သုံးသပ်ချက်




ပင့်ကူအိမ် သုံးသပ်ချက်

သိမ်ကုန်းကျေးရွာရှိ အမျိုးသား/ အမျိုးသမီးများ၏ လူနေမှုပုံစံကိုသိရှိနိုင်ရန် ပင့်ကူအိမ် သုံးသပ်ချက်ဖြင့် သုံးသပ် လေ့လာကြည့်ရာတွင် အရင်းအမြစ်များအပေါ် အသုံးချနိုင်မှု နှင့် ပိုင်ဆိုင်မှု၊ လူမှုရေးတွင်ပါဝင်နိုင်မှုနှင့်ပစ္စည်း များပိုင်ဆိုင်မှုတို့တွင် ကျေးရွာရှိ အမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူ ဆောင်ရွက်နိုင်ကြပြီး လုံခြုံမှုပိုင်း၊ရပ် ရေးရွာရေးဦးဆောင်မှုပိုင်းတို့တွင် အမျိုးသားများလောက်ဆောင်ရွက်နိုင်ခြင်း မရှိသော်လည်း တက်ကြွစွာ ပါဝင်ဆောင် ရွက်လေ့ရှိသည်ကို တွေ့ရပါသည်။

ကျေးရွာရှိအမျိုးသမီးများသည် အိမ်ထောင်မှုအပေါ်အပြည့်အဝဂရုစိုက်လေ့ရှိကြပြီး အမျိုးသားများသည် အမျိုးသမီးများလောက် အိမ်ထောင်မှုကိုဂရုမစိုက်နိုင်ကြပဲ စီးပွားရေးလုပ်ငန်းများကိုသာ ဦးဆောင်ပြီးဆောင်ရွက်လေ့ရှိ ကြသည်။ ထိုအချက်ကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိမှု နှင့် စီးပွားရေးလုပ်ငန်းများ၊ရပ်ရေးရွာရေးများလုပ် ငန်းများ ဦးဆောင်မှုပိုင်းတွင် အမျိုးသမီးများသည် အမျိုးသားများနှင့် ရင်ပေါင်တန်း၍ ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း တွေ့ရပါသည်။

## အရင်းအမြစ်များပိုင်ဆိုင်မှုပိုင်ဆိုင်မှု ခွဲခြမ်းစိတ်ဖြာခြင်း



### အရင်းအမြစ်များပိုင်ဆိုင်မှုအသုံးချမှုတို့ကို သုံးသပ်ချက်

သိမ်ကုန်းကျေးရွာရှိ အမျိုးသား/အမျိုးသမီးများ၏ အရင်းအမြစ်များကိုပိုင်ဆိုင်မှု ပိုင်ဆိုင်မှု အသုံးချမှုတို့ကိုလေ့လာကြည့်ရာတွင် ကျေးရွာရှိလူ့အရင်းအမြစ်များဖြစ်သည့် လယ်၊ ကိုင်း၊ စက်ရေတွင်း ၊စက်ဘီး၊ ဆိုင်ကယ်၊ အင်းအိုင်၊ ဘုန်းကြီးကျောင်း၊  စာသင်ကျောင်း၊ စသည့်တို့ကို အားလုံးတန်းတူပိုင်ဆိုင် အသုံးပြုကြကြောင်း သိရပါသည်။

အမျိုးသားများသာအသုံးပြုသည့် အရင်းအမြစ်များမှာ ကား၊ လယ်ထွန်စက်၊ နွား၊ လှည်း၊ ချွေလှေ့စက်များဖြစ်ပြီး အမျိုးသမီးများအသုံးချမှု လွန်စွာနည်းပါးသည်ကို တွေ့ရပါသည်။ အမျိုးသမီးများသာ ပိုင်ဆိုင်အသုံးချနိုင်သည့်အရင်းအမြစ်မှာ အပ်ချုပ်စက်မျှသာ ရှိကြောင်းသိရပါသည်။

# ရာသီခွင်ပြ ပြက္ခဒိန်ဖြင့် သုံးသပ်ခြင်း




## သုံးသပ်ချက်

သိမ်ကုန်းကျေးရွာတွင် တစ်နှစ်တာ ကာလပါတ်လုံး အနေဖြင့် ရာသီဥတု၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊လမ်းပန်းဆက်သွယ်ရေး၊ပွဲတော်များ၊ကျင်းပမှု၊ဝင်ငွေ/ထွက်ငွေ စသည့်အခြေအနေများကိုသိရှိနိုင်ရန်အတွက် ရာသီခွင်ပြ ပြက္ခဒိန်ဖြင့် သုံးသပ်ကြည့်ရာတွင် အောက်ပါအတိုင်း တွေ့ရပါသည်။

ရာသီဥတုအနေဖြင့် တပေါင်းလ၊တန်ခူးလ၊ ကဆုန်လများတွင် ပူပြင်းခြောက်သွေ့ပြီး နယုန်လတွင် မိုးစတင်ရွာလေ့ရှိပါသည်။ ဝါဆို၊ ဝါခေါင်၊တော်သလင်း လများသည် မိုးများသည့်လများဖြစ်ပြီး သီတင်းကျွတ်လမှ စ၍ မိုးနဲပါးပြီး တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသို၊ တပို့တွဲလများသည် ဆောင်းရာသီဖြစ်သည်။

စိုက်ပျိုးရေးအနေဖြင့် တန်ခူးလ၊ကဆုန်လများတွင် မိုးကြိုနှမ်းများစတင်စိုက်ပျိုးလေ့ရှိပြီး နယုန်၊ဝါဆို လများတွင် စပါးကိုစတင်စိုက်ပျိုးကြပါသည်။ ဆောင်းသီးနှံအနေဖြင့် မတ်ပဲကို တော်သလင်း၊သီတင်းကျွတ်လများ တွင် စိုက်ပျိုးကြပါသည်။ သီးနှံထွက်ရှိမှုအနေဖြင့် နယုန်လနှင့်ဝါဆိုလများတွင် မိုးကြိုနှမ်းထွက်ပြီးသီတင်းကျွတ်၊ တန်ဆောင် မုန်းလများတွင် စပါးထွက်ပါသည်။ မတ်ပဲကို တပို့တွဲလ၊တပေါင်းလများတွင် ရိတ်သိမ်းလေ့ရှိပါသည်။

မွေးမြူရေးအနေဖြင့် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများမရှိပဲ တစ်ပိုင်တစ်နိုင်သာ ကြက်၊ ဝက်၊ဘဲ၊နွား၊ ဆိတ်နှင့် ငါးမွေးမြူခြင်းတို့ကို လုပ်ကိုင်ကြပါသည်။


ကျန်းမာရေးအနေဖြင့် မိုးရာသီတွင် ကလေးများ သွေးလွန်တုတ်ကွေးရောဂါ ဖြစ်တတ်သည်မှ လွဲ၍ ဆိုးဝါးသောကူးစက်ရောဂါများ ခံစားရခြင်းမရှိပါ။

လမ်းပန်းဆက်သွယ်ရေးအနေဖြင့် မိုးရာသီတွင် အခက်ခဲဆုံးကြုံတွေ့ရပြီး နယုန်လမှစတင်ပြီးသီတင်း ကျွတ်လအထိ ရေလွှမ်းမိုးနေသဖြင့် စက်လှေများဖြင့်သာသွားလာနိုင်ပါသည်။ကျန်သည့်လများတွင်လည်းအနီးစပ်ဆုံးဖြစ် သည့် ပတ္တော်ဆေးရုံသို့သာ အဓိကသွားရောက်ကြသည်။ မိုးညိုမြို့သို့လာမည်ဆိုလျှင် အနီးဆုံးပတ္တော်ရွာမှတဆင့်ကြမ်း တမ်းသည့်မြေသားလမ်းဖြင့်သာ သွားလာကြရပါသည်။


ပွဲတော်များအနေဖြင့်၊တန်ခူးလတွင်သင်္ကြန်ပွဲ၊၊တော်သလင်းလတွင်လှေပြိုင်ပွဲနှင့်သီတင်းကျွတ်လတွင် မီးထွန်းပွဲနှင့်တပို့တွဲလတွင်ထမနဲထိုးပွဲများကို ပျော်ရွှင်စွာကျင်းပလေ့ ရှိပါသည်။

ကျေးရွာတွင် နယုန်၊တော်သလင်း၊သီတင်းကျွတ်လများတွင်ထွက်ငွေများပြီး တပို့တွဲ၊တပေါင်းနှင့်တန် ခူးလများ သီးနှံများပေါ်ထွက်သဖြင့် ဝင်ငွေကောင်းကြသည်။

# သိမ်ကုန်းကျေးရွာ အမျိုးသားများ၏ အခက်အခဲပြဿနာများနှင့် မျှော်လင့်ချက်များ



# သိမ်ကုန်းကျေးရွာ အမျိုးသမီးများ၏ အခက်အခဲပြဿနာများနှင့် မျှော်လင့်ချက်များ



## အမျိုးသမီးများ၏ အခက်အခဲပြဿနာများ

၁။ သွားလာရေး အခက်အခဲ
၂။ ကျန်းမာရေး အခက်အခဲ
၃။ မီး အခက်အခဲ
၄။ ပညာရေး အခက်အခဲ
၅။ အလုပ်အကိုင် အခွင့်အလမ်း အခက်အခဲ
၆။ မွေးမြူရေး နည်းလမ်းကောင်း မရှိ အခက်အခဲ
၇။ စိုက်ပျိုးရေး နည်းလမ်းကောင်း မရှိ အခက်အခဲ
၈။ စိုက်ပျိုး သီးနှံ မျိုးကောင်း မျိုးသန့် မရရှိ အခက်အခဲ
၉။ ဆက်သွယ်ရေး အခက်အခဲ
၁၀။ [illegible] အခက်အခဲ
၁၁။ [illegible] အခက်အခဲ
၁၂။ ကျေးရွာ [illegible] အခက်အခဲ

## နောင် (၅) နှစ်အတွင်း မျှော်မှန်းချက်

၁။ ရွာချင်း ဆက်လမ်း ကတ္တရာ လမ်းဖြစ်ချင်
၂။ ကျန်းမာရေး ဆေးပေးခန်း နှင့် ဆရာဆရာမ လုံလောက်စွာ ရချင်
၃။ လျှပ်စစ်မီး ရချင်
၄။ အထက်တန်းကျောင်း နှင့် ဆရာဆရာမ လုံလောက်စွာ ရချင်
၅။ လူတိုင်း ကိုယ်ပိုင် အသက်မွေးဝမ်းကျောင်း အလုပ်ရချင်
၆။ မွေးမြူရေး နည်းလမ်းကောင်းများ ရချင်
၇။ စိုက်ပျိုးရေး နည်းလမ်းကောင်းများ ရချင်
၈။ စိုက်ပျိုး သီးနှံ မျိုးကောင်း မျိုးသန့် ရချင်
၉။ ဆက်သွယ်ရေး တာဝါတိုင်များ ဆောက်ပေးစေချင်

# မိုးညှို့မြို့နယ်၊ ကျောက်ဝအုပ်စု၊ သိမ်ကုန်းကျေးရွာ
# မှတ်တမ်းဓါတ်ပုံများ



စီမံကိန်းလုပ်ငန်းခွဲဆောင်ရွက်မည့်လမ်း



စီမံကိန်းလုပ်ငန်းခွဲဆောင်ရွက်မည့်လမ်း



သိမ်ကုန်းကျေးရွာအဝင်

# မိုးညှိုမြို့နယ်၊ ကျောက်ဝအုပ်စု၊ သိမ်ကုန်းကျေးရွာ မှတ်တမ်းဓါတ်ပုံများ







ကျေးရွာစီမံကိန်းအသောက်အကူပြု ဆပ်ကော်မတီဝင်များစာရင်း (VPSC)

ကျေးရွာအုပ်စုအမည် - ကျော့ကဝ                                        ကျေးရွာအမည် - ဘိခြံကုန်း

| စဉ် | အမည် | အဖအမည် | မှတ်ပုံတင် အမှတ် | ရာထူး (VPSC) | ကျား/မ | အသက် | ဆက်သွယ်ရန် ဖုန်းနံပါတ် | လက်မှတ် |
|---|---|---|---|---|---|---|---|---|
| ၁ | ဦးကျော်ဖြစ်အောင် | ဦးကျော်အေး | ၇/မဓန(နိုင်)၀၅၀၀၉၉ | မီးအောက် ဥက္ကဋ္ဌ | ကျား | ၄၃ | 09253323994 | |
| ၂ | ဒေါ်အေးမြ | ဦးကုလား | ၇/မညန(နိုင်)၀၀၀၆၇၇ | " " | မ | ၂၇ | 09.250565598 | |
| ၃ | " ညို ၂ စိန် | ဦးငြိမ်းဘုန်း | ၇/မဓန(နိုင်)၀၇၄၃၂၆ | ဝယ်ယူရေးဆပ်ကော်မတီ ဥက္ကဋ္ဌ | မ | ၃၈ | 09421490856. | |
| ၄ | ဦးအောင်ကျော်ဝင်း | ဦးကုလား | ၇/မဓန(နိုင်)၀၆၀၀၄၃ | " " အဖွဲ့ဝင် | ကျား | ၄၀ | 09250983814 | |
| ၅ | " ကျော်မိုး | ဦးကုလား | ၇/မဓန(နိုင်)၀၆၀၀၅၆ | " " " | ကျား | ၄၃ | 09767133516. | |
| ၆ | ဦးခင်စိုး | ဦးကုလား | ၇/မဓန(နိုင်)၀၃၁၀၆၂ | ဆောက်လုပ်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ | ကျား | ၄၄ | 09423700503. | |
| ၇ | ဒေါ်သွယ်သိမ်း | ဦးဘကော်ဖြစ် | ၇/မဓန(နိုင်)၁၀၉၂၉၁ | " " အဖွဲ့ဝင် | မ | ၁၇ | | |
| ၈ | " ဇော်ခါဝေ | ဦးထွန်းဆာင် | ၇/မဓန(နိုင်)၀၆၈၃၉၅ | " " " | မ | ၂၉ | ၀၉၇၇၈၈၉၄၃၀၀ | |
| ၉ | ဦးကိုဝင်း | ဦးခေါင်သိန်း | ၇/မဓန(နိုင်)၀၄၈၆၃၇ | ကျေးရွာ ငွေ စာရင်းကိုင် | ကျား | ၅၆ | ၀၉ [illegible] | |
| ၁၀ | ဒေါ်ဆင်အေးမိ | ဦးဝင်းနိုင် | ၇/မဓန(နိုင်)၀၇၄၂၂၈. | လူမှုပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥက္ကဋ္ဌ | မ | ၂၈. | ၀၉၇၇၁၈၃၇၆၀၁ | |
| ၁၁ | " စိန်၂ငြိမ်း | ဦးခင်ဘိန်း | ၇/မဓန(နိုင်) | " " အဖွဲ့ဝင် | မ | ၃၇. | ၀၉၂၆၀၈၆၅၂၄၄. | |
| ၁၂ | ဦးအောင်မင်း | ဦးလှအုန်း | ၇/မဓန(နိုင်)၀၇၀၁၅၃ | " " " | ကျား | ၄၉ | ၀၉၇၆၇၈၈၀၃၉ | |
| ၁၃ | ဦးသိန်းကျိုင် | ဦးကျော်အေး | ၇/မဓန(နိုင်)၀၂၄၈၈ | စောင့်ကြပ်ကြည့်ရှုရေး | ကျား | ၄၈. | ၀၉၂၆၁၀၉၃၄၄၆၆ | |
| ၁၄ | ဒေါ်ဖြစ်၂အေး | ဦးဘင်ရွှေ | ၇/မဓန(နိုင်)၀၇၈၇၁၉. | " " | မ | ၄၃ | ၀၉၇၆၇၁၃၃၅၁၆. | |
| ၁၅ | ဦးသန်းဥဒ္ဒ | ဦးဓာလေး | ၇/မဓန(နိုင်)၀၆၀၀၅၃ | ကျေးရွာ စေတနာ ဝန်ထမ်း | ကျား | ၄၃ | ၀၉၂၆၃၅၆၃၉၁၀. | |
| ၁၆ | ဒေါ်ခင်မိုးလာဝင်း | ဦးလှသောင်း | ၇/မဓန(နိုင်)၀၇၀၀၅၄ | " " | မ | ၂၈. | ၀၉၂၅၄၉၄၉၄၉၉ | |
| ၁၇ | | | | | | | | |
| ၁၈ | | | | | | | | |
| ၁၉ | | | | | | | | |
| ၂၀ | | | | | | | | |

အမည် -

ရာထူး

လက်မှတ်

ကျေးရွာအုပ်ချုပ်ရေးမှူးအမည် - ဦးအောင်ကျော်ဝင်း

လက်မှတ် -

## ပုံစံ - ၈ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | |
|---|---|---|
| **လမ်းညွှန်ချက်။** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်စရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ | | |
| ကျေးရွာခေါင်းဆောင် အမည် ဦးအောင်ကျော်ဝင်း | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် 09 250983814 | လူထုစည်းရုံးရေးမှူး၏ အမည် ဖြိုးသူ |

| | | | |
|---|---|---|---|
| ပြည်နယ်၊တိုင်းဒေသကြီး ပဲခူး | မြို့နယ် ဖြူး | ကျေးရွာအုပ်စု ဇေယျာတော | ကျေးရွာ ဒဗိတ်ကျွန်း |

### က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---ဗမာ--- | ၂၂၄ | ဘာသာ (၁) ---ဗုဒ္ဓ--- | ၂၂၄ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------- | | ဘာသာရော ------------ | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၄ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၄၆ | | |
| စစ်ဘေးရှောင် | - | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)---ဗမာ--- | ၃၆၂ | ၃၈၂ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၂၀၇ | ၁၇ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☑ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☐ | ☑ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☑ |
| အလယ်တန်းပြဆရာ/မ | ☑ | ☑ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☑ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း　ကတ္တရာလမ်း　ကွန်ကရစ်လမ်း　(မော်တော်ဆိုင်ကယ်လမ်း)
ကျောက်ခင်းလမ်း　(မြေသားလမ်း)　(လူသွားလမ်း)　အခြား ______

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်　ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား?　ရှိပါသည်/(မရှိပါ)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း?　နှစ်--------/(မသိပါ)

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား?　ပြုခဲ့ပါသည်/မပြုခဲ့ပါ /(မသိပါ)

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း?　မိုင်--၁.၄--/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်--1:00 နာရီ-- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှား/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန်--1:30 မိနစ်-------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှား/မော်တော်ဘုတ်/
အခြား ------------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---2015, 2016---------

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ------------------------------------

(၂) ------------------------------------

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် [handwritten name]

လက်မှတ် နေ့စွဲ 5.2.17

လူထုစည်းရုံးရေးမှူး အမည် [handwritten name]

လက်မှတ် [signature] နေ့စွဲ 5.2.17

ပုံစံ - ၈ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| **လမ်းညွှန်ချက်။** သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် [illegible] | | | |
| နေ့စွဲ 5.2.17. | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ပဲခူး | မြို့နယ် [illegible] | ကျေးရွာအုပ်စု [illegible] | ကျေးရွာ [illegible] |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | |
|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် လူမျိုးစုအမည် | |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 4.2.17 | 4.2.17. | 101 | 55. | 156. | [illegible] | 156. |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 5.2.17. | 5.2.17. | 101 | 55. | 156. | [illegible] | 156. |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 6.2.17 | 6.2.17 | 4 | 4 | 8 | [illegible] | 8 |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | 6.3.17 | 6.3.17 | မလို | မလို | မလို | မလို | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေးအကြောင်းကြားသည့် အစည်းအဝေး | 20.3.17 | 20.3.17 | 85 | 91 | 175 | [illegible] | 175 |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | | |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | | |

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |

| | | | |
|---|---|---|---|
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးသန့်ရ - ဖေါ်ဝင်ရေးရှင်းရိုး | | | |
| နေ့စွဲ 5.2.17. | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | | |
| ပြည်နယ်/တိုင်း ပဲခူး | မြို့နယ် ဇီးကုန်း | ကျေးရွာအုပ်စု ကျောက်ဝ | ကျေးရွာ ဘိတ်ကျွန်း |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | သွားလာရေး | ၁ | သွားလာရေး |
| ၂ | ကျန်းမာရေး | ၂ | ကျန်းမာရေး |
| ၃ | ပညာရေး | ၃ | ပညာရေး |
| ၄ | စိုက်ပျိုးရေး | ၄ | မီးလင်းရေး |
| ၅ | မီးလင်းရေး | ၅ | အလုပ်အကိုင် |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ကတ္တရာလမ်း | ၁ | ကတ္တရာလမ်း |
| ၂ | ကွန်ကရစ်လမ်း | ၂ | အထက်တန်းကျောင်း |
| ၃ | အထက်တန်းကျောင်း | ၃ | ကျန်းမာရေး ဆေးပေးခန်း နှင့် ဝန်ထမ်း |
| ၄ | ဆေးပေးခန်း နှင့် သားဖွား ဆရာမ | ၄ | လျှပ်စစ်မီး |
| ၅ | ဓာတ်ကြိုး တိုင် | ၅ | |

**ဂ။ လူထုစီမံကိန်းမှ လာမည့် ( ၄) နှစ်အတွက် အရေးကြီးသော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။**

| အမှတ်စဉ် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/အမျိုးသမီးများ/ အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ကွန်ကရစ်လမ်း (တံတားအပါအဝင်) | ကျား + မ | ၄၄,၀၀၀,၀၀၀ | 1402 |
| ၂ | ကွန်ကရစ်လမ်း (တာဘုန်းဘို့) | " | ၂၀,၀၀၀,၀၀၀ | 1402 |
| ၃ | တံတား | " | ၃၀,၀၀၀,၀၀၀ | 1402 |
| ၄ | ဆိုလာ | မ | ၁၀,၀၀၀,၀၀၀ | 792 |
| ၅ | ကွန်ကရစ် ကျောက်ကရစ်လမ်း | ကျား + မ | ၂၀,၀၀၀,၀၀၀ | 792 |

## ပုံစံ - စ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

***လမ်းညွှန်ချက်။*** စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ်ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

| | | |
|---|---|---|
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဦး‌ဘုရာ | | |
| နေ့စွဲ ၅-၂-၂၀၁၇ | | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(✓) ☐စက်ဝန်း(၁) ☑စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ပဲခူး | မြို့နယ် မိုးညို | ကျေးရွာအုပ်စု ကျောက်ဝ |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှထည့်ဝင်မှု | ကျေးရွာမှထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖေါ်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| ၁။ ကျောက်ဝ | ဗိုးထက်ဂေဗင် | - | ၅၀၄ | ☐ ကျား ☐ မ ☑ ကျား+ မ | ၇၁၆၈၈၅ | | | | |
| ၂။ ဇော်ဘိကုန်း | ရွာချင်းဆက်လမ်း (စံပြ) ကျောက်ခင်း | ၂၄၈၀' x ၅' x ၄" | ၁၁၈၈ | ☐ ကျား ☐ မ ☑ ကျား+ မ | ၁၁၃၂၂၆၅၁ | | | | |
| ၃။ ၁၁ ဗိုလ်ကျ | ကျောက်ကျင် ရွာချင်းဆက်လမ်း (ဝါးခေါင်းအဝင်လမ်း) | ၅၀၀၀' x ၅' x ၄" | ၁၄၀၂ | ☐ ကျား ☐ မ ☑ ကျား+ မ | ၄၄၀၀၀၀၀၀ + | | | | |
| ၄။ ဘိုင်းကုန်း | ကျောက်ကျင် ရွာချင်းဆက်လမ်း (ဝါးခေါင်းအဝင်လမ်း) | ၅၀၀၀' x ၅' x ၄" | ၁၄၀၂ | ☐ ကျား ☐ မ ☑ ကျား+ မ | " | | | | |
| | | | | ☐ ကျား ☐ မ ☐ ကျား+ မ | | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဌ   အမည် ဦးကျော်ညိုဟန် ၊ ဇော်ဘိကုန်း၊ ၁၁ ဗိုလ်ကျေး   လက်မှတ်   ရက်စွဲ ၅-၂-၁၇